
# အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ

## သုခမိန်လှိုင်




မြန်မာကျူးပစ်ဖိုရမ်မှ ထုတ်ဝေသည်။


## ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| မြန်မာကျူးပစ်စာစဉ် | ချစ်တဲ့ကဗျာ (၁၈) |
| ကဗျာပုဒ်ရေ | ၁၆ ပုဒ် |
| ပီဒီအက်ဖ် ထုတ်ဝေခြင်း | ပထမအကြိမ် |
| ထုတ်ဝေကာလ | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | ကန့်သတ်မထား |
| စုစည်းသူ | bigbox |
| ပန်းချီ | Andy Warhol |
| စာအုပ်အပြင်အဆင် | ကိုထက် |

## စာအုပ်အညွှန်း

စက္ကူဆိုဒ်မှာ A5 ဖြစ်ပြီး၊ Adobe Reader မှ ပရင့်ထုတ်လိုပါက၊ A4 တစ်ရွက်လျှင် ၂ မျက်နှာ (Multi pages per sheet) ထား၍ ထုတ်ပါ။ စာရွက်ကိုအလယ်မှ ဖြတ်ပြီး ကဗျာစာအုပ်အရွယ် စာအုပ် ချုပ်နိုင်ပါသည်။

အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ၊ သုခမိန်လှိုင်။
ပကြိမ်၊ စိတ်ကူးချိုချို၊ ဩဂုတ် ၂၀၀၈။
တန်ဖိုး ၁၀၀၀ကျပ်၊ စောင်ရေ ၅၀၀။




## တစ်နေ့တစ်လုံး ရှုဝံ့ကြယ် ဘယ်ပြေးမလဲ

ဗင်ဂိုး ..... သေကြောင်းကြံ ကွယ်လွန်ခဲ့တာ ၁၁၈ နှစ် ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော်ပါဝင်တဲ့ ကမ္ဘာကြီးဟာ ဗင်ဂိုးလို ကြေကွဲမှုတွေ နောက်ထပ် မဖြစ်ပေါ်အောင် ကာကွယ်နိုင်ပြီလား။

မင်းကွာ .... မင်းကိုယ်မင်းတောင် အနိုင်နိုင်။ မင်းမိသားစုတောင် အနိုင်နိုင်၊ မင်းမိတ်ဆွေတွေ၊ ချစ်သူတွေတောင် အနိုင်နိုင် ဘယ့်နဲ့ကြောင့် မဏ္ဍပ်တိုင် တက်ပြချင်ရတာလဲ။ မေးစရာ ရှိလာပါတယ်။ ဟုတ်ပါတယ် ကျွန်တော် တက်ချင်တာက အဲဒီမဏ္ဍပ်တိုင်ပါ လူဟာ လူနဲ့တူဖို့၊ ပျင်းစရာ လူပုံတူ မဟုတ်။ ပျော်စရာကောင်းတဲ့ လူပုံတူ။

သုခမိန်လှိုင်
၂၀ ဖေဖော်ဝါရီ ၂၀၀၈

၁။
## အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ

ဒီရှန်ပူနဲ့ဆို
သေခြင်းတရားတောင် လန်းဆန်းသွားမလား
ဒီနေကာမျက်မှန်နဲ့ဆို
အနာဂတ်ကို ဖောက်မြင်ရမလား
ဒီဖိနပ်နဲ့ဆို
ဝင်္ကပါအပြင်ဘက်ကို ထွက်နိုင်မှာလား
ကဗျာဖြစ်တဲ့ ကြော်ငြာတွေဟာ
စိတ်ဝင်စားစရာ ကောင်းပါတယ်

အင်္ကျီကို တီထွင်ပြီးထဲက
ငါတို့ဟာ (ဟန်ကိုယ့်ဖို့) သက်သာရာ ရခဲ့ကြ
မျှော်လင့်ခဲ့ကြတဲ့ လှပတဲ့ကမ္ဘာ
ရေမွှေးများများ ဆွတ်ပါ
ဝတ်စုံထည်လဲ ဝတ်ပါ
ထိပ်ပေါက် ခေါင်းကွဲ
အပြင်ထွက်လာတဲ့ ဒဏ်ရာတွေဆိုရင်တော့
ရောင်စုံပတ်တီးလှလှ
စည်းပြလိုက်ကြတာပေါ့။

သုခမိန်လှိုင်

Jan 06, Idea Magazine

၂။
## မာရ်နတ်နဲ့ကဗျာ

ကလီယိုပါထရာက အလှပြပြင်ပေးမယ်ဆိုတော့
ကမ္ဘာကြီးချောပြီပေါ့။
ဟာကြူလီ လောင်ဒရီဆိုတော့
ရှိသမျှဂျီးတွေ ချွတ်မယ်
ဖြူဆွတ်ဖို့သာ ပြင်ပါတော့။
ဂလိုဘယ်လိုက်ဇေးရှင်း အင်တာနက်ဆိုတော့
ငြိမ်းချမ်းရေးနဲ့ငါနဲ့
တိုက်ရိုက်ချက်လို့ရပြီပေါ့။
မာရ်နတ်နဲ့ငါ လမ်းလျှောက်လာတုန်း
ဆိုင်းဘုတ်တွေနဲ့ အနုပညာ
အမှားအပြည့်ကမ္ဘာ
ပြောင်းပြန်လှန်ကြည့်နေရတာပဲ။

သုခမိန်လှိုင်

Feb 06, Idea Magazine

၃။
## အမည်နာမ အမှတ်တံဆိပ်များ

ငါ ကဗျာရေးဖြစ်တာ မှားတယ်
ကမ္ဘာလုံးကြီးလို လည်လိုက်တော့
ရိုက်ညီနောင် လေယာဉ်ပျံတီထွင်ဖြစ်တာ မှားတယ်
ဂူတင်ဘတ် ပုံနှိပ်စက်တီထွင်ဖြစ်တာ မှားတယ်
အက်ဒီဆင် မီးကိုတွေ့ရှိတာ မှားတယ်
အိုင်းစတိုင်း ဆဲငင်အားကို တွေ့တာမှားတယ်
နယူတန် တန်ပြန်နိယာမကို တွေ့တာမှားတယ်

စကြာဝဠာဈေးကွက်ထဲ
အားလုံးရောင်းစားခံရတဲ့အခါ။

သုခမိန်လှိုင်

March 06, Idea Magazine

၄။
## မအောင်မြင်ခဲ့တဲ့ကဗျာ

ရှာရာပိုဗာက
တင်းနစ်ဝတ်စုံနဲ့
စကားလက်ဂျိုဟန်ဆင်က
ပွဲတက်ဝတ်စုံနဲ့
ချားလ်မင်းသားက
နန်းတက်ဝတ်စုံနဲ့
ကမ္ဘာကြီးက
ချူကလီးယားအင်္ကျီ
ဆင်းရဲသားဘောင်းဘီ
အိပ်ချ်အိုင်ဗီ လက်ပတ်နာရီ
လောကစံ တိုလီမိုလီနဲ့

ငါ့ကဗျာမှာ
အဝတ်အစားမှ ပါရဲ့လား။

သုခမိန်လှိုင်

Apr 06, Idea Magazine

၅။
## ဗိသုကာ လောကစံ

ကမ္ဘာကို နေရာချထားကတည်းက
နေနဲ့ အကွာအဝေး
လနဲ့ အကွာအဝေး
ချိန်ဆ တပ်ဆင်ပြီးသားပါ

ငါနဲ့ အလွမ်း
အနမ်းတစ်ခုလို
ခွာမရတာကိုက
အချိန်အဆ ကောင်းခဲ့ကြ။

အခုကျမှ
ငါးမန်းတွေကို သတ်သတ်လွတ်စားဖို့
တေးဆိုလို့မရ။

သုခမိန်လှိုင်

May 06, Idea Magazine

၆။

## ရွှေပွဲလာ

ဘဝရဲ့ဆန်းကြယ်မှုတွေ မေ့မောထားမှ
သက်သာရာရမှာမို့
ငါတို့ဟာ ဆပ်ကပ်ပြပွဲထဲမှာ
ရွှေပွဲလာ။

ခွေးက မီးကွင်းထဲ ဒိုင်ဗင်ထိုး
လူက ခြသေ့ံပါးစပ်ထဲ ခေါင်းဝင်
ကြိုးတန်းပေါ် လမ်းလျှောက်
ဘားတန်းပေါ် ခုန်လွှဲ
ဆင်တစ်ကောင်လုံး အနင်းခံ
ကျားတစ်ကောင်လုံး အနမ်းခံ
သံချောင်းတွေ စားပြ
ဓားတွေပေါ် အိပ်ပြ။

အိမ်ပြန်ရောက်မှ
ဒီထက်မဖြစ်နိုင်တာတွေလုပ်ခဲ့တဲ့ ငါ့အရိပ်ဟာ
ရိပ်ခနဲ။

သုခမိန်လှိုင်

June 06, Idea Magazine

၇။
**ဝေဝေဆာဆာ**

လူတို့သည်
စကားလုံးများကို ရွေ့ကြည့်ကြ၏ ။
ကြေကွဲခြင်းကို ဝိုင်နီနီ
ချစ်ခြင်းကို ဂျင်းဘောင်းဘီ
ဆင်းရဲခြင်းကို စံပယ်ပန်း

ဝိုင်နီနီ သောက်ပါ
ဂျင်းဘောင်းဘီ ဝတ်ပါ
စံပယ်ပန်းများ ဝေဆာနေပါသည်။

သုခမိန်လှိုင်

August 06, Idea Magazine

၈။

## သစ္စာပန်းများ

ကမ္ဘာကြီးက
ပစ်ရမှာလည်း ဟမ်ဘာဂါ
စားရမှာကလည်း ကြက်တုပ်ကွေး။

ဟေး ...
ငရဲကို
ကိုယ့်ပုံစံနဲ့ကိုယ် တင်ဆက်ရမှာပေါ့တဲ့
လူသားတို့ စွမ်းခဲ့ကြရာ
သစ္စာပန်းများဆိုတာ
အမည်နာမ သက်သက်ပါ။

သုခမိန်လှိုင်

September 06, Idea Magazine

၉။

## ကမ္ဘာတစ်ခုစာ

မွေးနေ့မှာ ရမယ့်လက်ဆောင်တွေဟာ
ကမ္ဘာတစ်ခုစာ။

လောကကြီးဆိုတာ
စစ်မြေပြင်မှာ
ချယ်ရီပန်းတွေ ဝေနေပုံပါပဲ။

ငါ့နာမည်ဟာ အတည်ဖြစ်ရဲ့လား
သင့်လို မနာကျင်ဘူးလား
သင့်လို မဆာလောင်ဘူးလား
သင့်လို မသေဆုံးဘူးလား။

သုခမိန်လှိုင်

October 06, Idea Magazine

၁၀။

## လွတ်တဲ့ငါး

ကြယ်တွေကြွေမှ
ကောင်းကင်ကြီးက တန်ဘိုးကြီးလာ။

ငါတို့ မက်ခဲ့ကြတာ
အိပ်မက် ကြီးကြီး
ငါတို့ မျှားခဲ့ကြတာ
သမုဒ္ဒရာ ကြီးကြီး
ငါတို့ ကြီးခဲ့ကြတာ
ငရဲ ကြီးကြီး။

စပျစ်သီးချဉ်မှာလား
လွတ်တဲ့ငါးက
ကမ္ဘာကြီး။

သုခမိန်လှိုင်

November 06, Idea Magazine

၁၁။

## So Hollow

အရူးမရဲ့ ကိုယ်ဝန်လို
ရှင်းမပြနိုင်စရာ
အနုပညာတွေနဲ့လား။

အိပ်ထဲကို လက်လျှိုလိုက်တော့ ဗလာ
ဘဝထဲကို ခေါင်းထိုးလိုက်တော့ ဗလာ
ကမ္ဘာထဲကို တစ်ကိုယ်လုံးဝင်လိုက်တော့
ဗလာ...

So hollow
အဲဒီ ဟောင်းလောင်းပေါက်
ငါကြောက်လာတယ်။

သုခမိန်လှိုင်

January 07, Idea Magazine

၁၂။
## ကြွေတဲ့ပန်းသီးနဲ့ ငါနဲ့ ကမ္ဘာ

လူ့ဘဝကြီးကို လာပါတယ်
အာလာဒင်မီးခွက်မပါ
ညွှန်ရာရေဖြစ်တဲ့ လက်ညှိုးမပါ
ထိတိုင်းရွှေဖြစ်တဲ့ လက်လည်းမပါ
တွေ့တိုင်းပြဿနာဖြစ်တဲ့ ဦးခေါင်းတော့ပါတယ်။

သိပ္ပံပညာမှာ
ပန်းသီးကြွေရုံနဲ့
ဆွဲငင်အားကို တွေ့ခဲ့တာ
ငါက
ကမ္ဘာကြီး ရစရာမရှိတော့တာ
ဘာတွေကြွေလို့ တွေ့တာလဲ။

သုခမိန်လှိုင်

February 07, Idea magazine

၁၃။

## အလဲအလှယ်

ဖရိုဖရဲဖြစ်သွားရတဲ့ စာလုံးတွေအားလုံး
ကြည့်လို့ကောင်းတဲ့ အဆုံးအထိ
ငါတို့ ပို့ကြည့်ကြရအောင်
ကြည့်လို့မကောင်းတဲ့ အဆုံးအထိ
ငါတို့ကိုယ် ငါတို့ ပို့ပြီးနောက်။

သုခမိန်လှိုင်

March 07, Idea Magazine

၁၄။
## စကြာဝဠာလမ်းညွှန်

စကြာဝဠာလမ်းညွှန်မှာ
တီထွင်မှု မှန်သမျှ
ဘေးထွက်ဆိုးကျိုးပါဝင်
ဒုံးပျံကြောင့် လူဆိုးတွေ ပိုမြန်လာခြင်း
လျှပ်စစ်ကြောင့် လူဆိုးတွေ ပိုလင်းလာခြင်း
လေယာဉ်ပျံစီးလာတဲ့ စစ်ပွဲများ
ဘုရားသခင် တီထွင်တဲ့လူကို ဝယ်လို့ရတဲ့
လူတီထွင်တဲ့ ပေါင်စတာလင် စက္ကူများ
................
ခုတော့လည်းလေ
ချစ်သူမေရေ
အနုပညာတွေ တီထွင်
ရောဂါတွေ တီထွင်
ကွန်ဒုန်းတွေ တီထွင်
ဒုံးကျည်တွေ တီထွင်
ကမ္ဘာကြီးဟာ တီထွင်မှုတွေနဲ့
အမြဲသစ်လွင် နေတာပဲ။

သုခမိန်လှိုင်

April 07, Idea Magazine

၁၅။
## ငါ့နာရီမပျက်ဘူးလို့ ညာမရောင်းကြေး

မည်သည့်စက်ပစ္စည်းမဆို စက်ပျက်တတ်တယ်
သဘာဝတရားလည်း စက်ပျက်တတ်တယ်
လူ့ဘဝလည်း စက်ပျက်တတ်တယ်
ကမ္ဘာကြီးလည်း စက်ပျက်တတ်တယ်
သင်ပျက်တဲ့အခါ
ငါပြင်ပေးမယ်
ငါပျက်တဲ့အခါ
သင်ပြင်ပေးပါ
တိုင်တန်းနစ် သဘောင်္ကြီးပေါ်မှာ။

သုခမိန်လှိုင်

May 07, Idea Magazine

၁၆။

## စူနာမီ အနုပညာ

လှိုင်းလုံးကြီးတွေလို
အမြန်ဆုံးရောက်လာမှ
အထင်မကြီးမိလို့ (ဝါ)
အလုတရားမှာ ရှုငေးမိလို့
ငါတို့ အငိုက်မိခဲ့တယ်
အကျအဆုံး များခဲ့တယ်။

စူနာမီထဲက ဝိညာဉ်တွေလို
ငါတို့ အနုပညာမှာ
သင်ခန်းစာတွေ ပါပါတယ်။

သုခမိန်လှိုင်

June 07, Idea Magazine



ကျွန်တော်မတတ်နိုင်သော ကမ္ဘာကြီးထဲသို့ ရောက်ခဲ့သည်
ကျွန်တော်တတ်နိုင်သလောက် ကြိုးစားခဲ့မိသည်။

အင်ဒီဝါးလ်ဟိုးလ်တို့ကမ္ဘာအား
၂၀၀၅ ခုနှစ် အောက်တိုဘာမှ ၂၀၀၇ ဧပြီအထိ ရေးခဲ့ပြီး
၂၀၀၆ ခုနှစ် ဇန်နဝါရီမှ ၂၀၀၇ ဇူလိုင်အထိ idea တွင် ဖော်ပြခဲ့ပါသည်။
၂၀၀၈ တွင် စိတ်ကူးချိုချိုမှ စီစဉ်ထုတ်ဝေနိုင်ခဲ့ပါသည်။
အရေးအကြီးဆုံး သမိုင်း အဖြစ်အပျက်များနှင့် အနီးဆုံးပြောရလျှင်
၂၀၀၄ ဆူနာမီအပြီး နောက်ပိုင်းတွင် ရေးဖြစ်ခဲ့ပြီး
၂၀၀၈ နာဂစ်အပြီး နောက်ပိုင်းတွင် ထုတ်ဝေဖြစ်ခဲ့ပါသည်။

သုခမိန်လှိုင်
၃၀ ဇွန် ၂၀၀၈